http://www.dhammadownload.com



လူ့ အသက်ရယ်၊ ကုသိုလ် အသက်ရယ်
အသက် နှစ်မျိုး ရှိပါတယ်။
လူ မသေဖို့ရယ်၊ ကုသိုလ် မသေဖို့ရယ် နှစ်မျိုးမှာ
ကုသိုလ်မသေအောင် ကြိုးစားကြတာ
သူတော်ကောင်းတွေ အလုပ်ဖြစ်ပါတယ် ...။

ဓမ္မဒူတ

# ဒေါက်တာအရှင်ဆေကိန္ဒ

## အရှုံးထဲက အမြတ်

အလင်းသစ်
စာပေ

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ ■ အရှုံးထဲက အမြတ်

အလင်းသစ်
စာပေ

ဓမ္မဒူတ

ဒေါက်တာအရှင်ဆေကိန္ဒ

အရှုံးထဲက အမြတ်



http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

အလင်းသစ်
စာပေ

(၂၀၀၇ ခုနှစ်တွင် တည်ထောင်သည်)

http://www.dhammadownload.com

## ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.dhammadownload.com

အလင်းသစ်စာစဉ် - (၆၅)

# အရှုံးထဲကအမြတ်

## ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ၊ အလင်းသစ်စာပေ

အုပ်ရေ - ၁၀၀၀၀

တန်ဖိုး - ၆၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၄၄၄၀၉၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၄၉၁၀၉၁၀

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊ အမှတ် (၁၁၁)၊ တတိယထပ်(ညာ)၊ ၃၃ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။ မျက်နှာဖုံးဖလင် - Eagle၊ မျက်နှာဖုံး - ဗဂျိုလင်းဝဏ္ဏ၊ အတွင်းဖလင် - အောင်ဇော်(ပုံရိပ်ရှင်)၊ ကွန်ပျူတာစာစီ - အလင်းသစ်၊ အဖုံးနှင့် အတွင်းစာသားကို - ကာလာရုန်ပုံနှိပ်တိုက်၊ အမှတ်(၁၈၄)၊ ၃၁ လမ်း၊ ရန်ကုန်မြို့တွင် ပုံနှိပ်၍ မျိုးမျိုးစာအုပ်ချုပ်လုပ်ငန်း တွင် စာအုပ်ချုပ်သည်။

အလင်းသစ်စာပေ

အခန်း(၄၀၄)၊ တိုက်(၆)၊ ညောင်တန်းအိမ်ရာ၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၀၄၀၉၇ လိုင်းခွဲ - ၂၅၄၊ ၀၉-၈၇-၀၃၈၄၈ က ထုတ်လုပ်ဖြန့်ချိသည်။

**http://www.ahlinthitbooks.com**

၂၉၄.၃

ဆေကိန္ဒ၊ အရှင်၊ ဒေါက်တာ၊ ဓမ္မဓတ

အရုံထဲကအမြွက်/ဓမ္မဓတဒေါက်တာအရှင်ဆေကိန္ဒ။ - ရန်ကုန်၊

ယုံကြည်ချက်စာပေ ၊ ၂၀၁၀။

၆၇ - စာ၊ ၁၂ × ၁၈ စင်တီ။

(၁) အရုံထဲကအမြွက်

http://www.dhammadownload.com

# မာတိကာ


– စကားဦး ..... ၇

၁။ ဘယ်သူ သတ်တာလဲ ..... ၉

၂။ မသိငါးမျိုး သိတစ်မျိုး ..... ၁၇

၃။ သေခြင်းနှစ်မျိုး ..... ၂၇

၄။ မြတ်မှာလား ရှုံးမှာလား ..... ၃၅

၅။ သူများဆီက ငှားထားတာ ..... ၄၁

၆။ ငရဲဆီ သွားရမလား
ကျူးကျော်တဲ့တွေဆီ ပြေးရမလား ..... ၄၉

၇။ အရှုံးထဲက အမြတ်ဆင့် ..... ၅၇

http://www.dhammadownload.com

"…အသိဉာဏ် ရှိလာတာနဲ့အမျှ ဘယ်ဘာသာကိုသာ ကိုးကွယ်တဲ့လူရယ်လို့ မဟုတ်တော့ပါဘူး။ အသိဉာဏ်ရှိလာတာနဲ့အမျှ ကိုယ့်အတွက်ကောင်းဖို့ထက် အများအတွက်ကောင်းဖို့ လုပ်လာတယ်။

အဲဒါကို ကုသိုလ်လို့ ခေါ်တယ်။ ကိုယ့်အတွက် ကောင်းဖို့လည်း ပါသွားတာပဲ။ အများအတွက် ကောင်းဖို့လည်း ပါသွားတာပဲ…"

http://www.dhammadownload.com

# စကားဦး

ဤစာအုပ်ငယ်သည် မိမိ၏ ဟောတရားတော်များထဲမှ သင့်ရာကို ထုတ်နုတ်၍ စာအုပ်အဖြစ် စီမံထားခြင်း ဖြစ်ပါသည်။

အလင်းသစ်စာပေမှ ထိုသို့ စီမံဆောင်ရွက်ရန် ခွင့်တောင်း လာသဖြင့် မိမိက ခွင့်ပြု၊ ခွင့်တောင်းသူက အသံမှ စာသို့ ကူးရေး၍ စာအုပ်ငယ် နှစ်အုပ်ပင် ထုတ်ဝေပြီး ဖြစ်ပါသည်။ ယခင် စာအုပ်တို့၌ မိမိက ပြန်လည်၍ စိစစ်မှုမရှိခြင်း၊ အားနည်းခြင်းတို့ကြောင့် စာဖတ်သူ တို့အတွက် အဆင်မပြေသည်များလည်း ရှိနိုင်ပါသည်။

စိစစ်ရန် အချိန်ရှားပါးခြင်းကြောင့် လည်းကောင်း၊ ဟော ထားသော တရားခွေ၏ အသံ၌ပါသော အဓိပ္ပာယ်တို့ လျော့ပါးသွား ခြင်းကြောင့် လည်းကောင်း၊ မိမိတို့ သိလို ဖတ်လိုသော အချက်အလက် များ မပါရှိသောကြောင့် လည်းကောင်း စာဖတ်ရာတွင် လိုအပ်ချက်များ ရှိနိုင်ပါသည်။ နားလည်ပေးနိုင်ကြစေလိုပါသည်။

**အလင်းသစ်စာပေ**

http://www.dhammadownload.com



စာဖတ်သူက လိုအပ်သော အကြံဉာဏ်တို့ကို ဖြည့်ဆည်း ပေးလျှင် ဝမ်းမြောက်စွာလက်ခံလျက် အခြားသော တရားခွေများကို လည်း စာအုပ်ငယ်များအဖြစ်သို့ ထပ်မံ၍ စီမံဆောင်ရွက်ပါဦးမည်။

မေ့ဒူတ အရှင်ဆောကိန္ဒ

□

http://www.dhammadownload.com

# ဘယ်သူ သတ်တာလဲ

http://www



http://www.dhammadownload.com

# ဘယ်သူ သတ်တာလဲ

လောကမှာ လူတစ်ဦးတစ်ယောက်က နိုင်ထက်စီးနင်းနဲ့ ရွှေဆယ်ပိဿာပေးမလား၊ မင်းလက်သန်းလေးတစ်ဖက် ဖြတ်ပေးမလား၊ လက်ကောက်ဝတ်က ဖြတ်ပေးမလား၊ လက်မောင်းက ဖြတ်ပေးမလား မေးလာရင် ဘယ်သူမှ လက်ကို ဖြတ်ပေးကြမှာ မဟုတ်ပါဘူး။ ရွှေဆယ်ပိဿာကိုပဲ ရှာကြံပြီး ပေးကြမှာပါ။

အဲဒီလိုနဲ့ တစ်ယောက်ယောက်ကလာပြီး မင်းလက်ဖြတ်ပေးမလား၊ မျက်လုံးအဖောက်ခံမလား၊ ဒါမှမဟုတ် မင်းအသက် အသေခံမလားဆိုရင် ဘယ်သူမှ အသက်အသေ မခံချင်ကြပါဘူး။ လက်ကို ဖြတ်ပေးကြမှာပါပဲ။

မင်းလက် အဖြတ်ခံမလား၊ မင်း အဘိုး အသေခံမလား။

မင်းလက် အဖြတ်ခံမလား၊ မင်းအဖေ အသေခံမလား။

မင်းလက် အဖြတ်ခံမလား၊ မင်းဦးလေး အသေခံမလားလို့ မေးလာရင် ဘယ်လိုမှ အဘိုးလည်း အသေမခံနိုင်ပါဘူး၊ အဖေလည်း

http://www.dhammadownload.com



အသေမခံနိုင်ပါဘူး၊ ဦးလေးလည်း အသေမခံနိုင်ပါဘူး၊ လက်ကိုသာ အဖြတ်ခံလိုက်မှာပေါ့။

ဘာဖြစ်လို့ ဒီစကားတွေကို ပြောရတာလဲဆိုရင် လူတွေမှာ သတ်မှတ်ပြီး တန်ဖိုးကြီးတယ်လို့ နားလည်ထားတဲ့ တန်ဖိုးကြီးတာကို အဆုံးအရှုံး မခံနိုင်ကြပါဘူး။

တန်ဖိုးနည်းတာတွေ ဘယ်လောက် ဆုံးရှုံး ဆုံးရှုံး အဆုံးရှုံး ခံနိုင်ကြပါတယ်။

တကယ်ပြောရင် ဘယ်သူမှ တားမရဘဲ သတ္တဝါတွေကို နိုင်ထက်ကလူနဲ့ ကြိုက်သလို လုပ်ပြီး လူတွေကို တွန်းခေါ်သွားတာက သေမင်း ဖြစ်ပါတယ်။ သေမင်းကို ဘာနဲ့မှ လဲလို့ မရပါဘူး၊ အသက် မဆုံးရှုံးရအောင် ငွေကြေး အပါအဝင် တတ်နိုင်သမျှ ဖြည့်ဆည်း ပေးဆပ်မှုတွေနဲ့ လဲခဲ့တာပါပဲ။ မရပါဘူး။

တကယ်ပြောရရင် လောကမှာ အရှုံးတကာ့ အရှုံးထဲမှာ အသက်ဆုံးရှုံးတာဟာ အရှုံးဆုံးပါပဲ။

အဲဒီ မလွှဲရှောင်သာတဲ့ သေမင်းနဲ့ပတ်သက်တဲ့ အရှုံးဖြစ် နေတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားပါ။ သေမင်းနဲ့ ပတ်သက် ပြီးတော့ စိတ်မကောင်းတော့ မဖြစ်ပါနဲ့။

ဘုန်းဘုန်း ၁၆ နှစ် ၁၇ နှစ်လောက်တုန်းက ချစ်တဲ့တူလေး၊ အစ်ကိုကြီးက မွေးတဲ့တူလေး ဆုံးသွားရှာတယ်။ ငယ်ငယ်လေး၊

http://www.dhammadownload.com



သွက်သွက်လက်လက် ချက်ချက်ချာချာလေးပါ။ ၄နှစ်သားလေးပေါ့။ ဆုံးသွားတော့ စိတ်ထဲက သဘောကို မကျေဘူး။

ဒီကလေး ဘာလို့ သေတာလဲ။

ဒီကလေးကို ဘယ်သူက သတ်တာလဲ။

ဘုန်းဘုန်းတို့ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရဆိုရင် သေအောင်သတ်တဲ့လူကို ဒါ သေမင်းလို့ ခေါ်တာပေါ့။ အဲဒါနဲ့ စိတ်ထဲမှာ သေမင်းကို မကျေမနပ် ဖြစ်နေခဲ့ပါတယ်။

အဲဒီ ကတည်းက အဲဒီ သေမင်းကို ငါ ပြန်သတ်နိုင်အောင် ကြိုးစားမယ်ဆိုတဲ့စိတ် ဘုန်းဘုန်းမှာ ကိန်းအောင်းနေခဲ့ပါတယ်။

ကိုယ့်တူလေးကို ကိုယ်ချစ်တာ ဒီသေမင်းက ခွဲသွားခဲ့တယ်။

သေမင်းက ခေါ်သွားတယ်၊ သေမင်းက သတ်ပစ်ခဲ့ပါတယ်။ သေမင်းက ခေါ်သွားခဲ့တယ်၊ ခွဲသွားခဲ့တယ်၊ နိုင်ထက်ကလူ ဆိုသလို လုပ်သွားခဲ့ပါတယ်။

ဘုန်းဘုန်း ငယ်ငယ်တုန်းက ကိုယ့်တူလေးကို သေမင်းက ခေါ်သွားတော့ အဲဒီ သေမင်းကို အတော်မကျေမနပ် ဖြစ်ခဲ့ပါတယ်။

သေမင်း တွေ့ဖူးလား။

သေမင်း ဘယ်မှာနေလဲ။ ဘယ်လို လာလဲ။ ဘယ်အချိန်မှာ ရောက်လာသလဲ။ ဘယ်လို သတ္တဝါတွေကို သတ်သွားသလဲ ဆိုတာ နည်းနည်း ပြောပြပါဦးမယ်။

http://www.dhammadownload.com



'သေသူကမွေး၊ သေသွေးပါလာ၊
သေမှာမလွဲ၊ သေမြဲသေချာ၊ ငါလည်းပဲ၊ အမြဲသေရမှာ'

အဖေတို့ မရှိတော့ဘူး၊ အမေလည်း မရှိတော့ဘူး၊ အဘိုး၊ အဘွားတွေလည်း မရှိတော့ပါဘူး။ ဘိုးဘေး အဆက်ဆက်လည်း မရှိတော့ပါဘူး။ သေသွားကြပါတယ်။

အဲဒီ သေသွားကြတဲ့ ပုဂ္ဂိုလ်တွေက တိုက်နဲ့ခြံနဲ့ ဝင်းနဲ့ ပစ္စည်းဥစ္စာတွေကို ချန်ထားခဲ့တယ်လို့ အပေါ်ယံပဲ မြင်ကြတာပါ။

တကယ်တမ်းကျတော့ သူတို့တွေက ချစ်လွန်လွန်းလို့ ဒီသားကို သေတဲ့ဓာတ်တွေ အမွေပေးခဲ့တာ။ သေတဲ့သူက မွေးရင် သေသွေးပါလာမှာပဲ။ ဒါက သဘာဝတရားကြီးပါ၊ အမှန်တရားကြီးပါ။

'သေသူကမွေး၊ သေသွေးပါလာ၊
သေမှာမလွဲ၊ သေမြဲသေချာ'

သေမင်း ဘယ်မှာနေတုံးဆိုရင် အသွေးထဲမှာ အသားထဲမှာ နေတာပါ။ သေမင်းဆိုတာ အချွန်ကြီး အတက်ကြီးနဲ့ ဟာမျိုးကို သေမင်း မထင်ပါနဲ့။ တစ်ကိုယ်ကောင်လုံးမှာ သေမင်းရှိပါတယ်။

ဘယ်အချိန်ကတည်းက သေမင်းရှိတာလဲဆိုရင် အမိဝမ်းထဲမှာ ကလလရည်ကြည် သန္ဓေတည်ကတည်းက ရှိတာပါ။ သူ မခေါ်သေးလို့သာ ကိုယ်က နေနေရတာပါ။

မွေးကတည်းက သေမင်းက ပါလာပြီးသားပါ။

http://www.dhammadownload.com



ဘုန်းဘုန်း ငယ်ငယ်တုန်းက ကိုယ့်တူလေးဆုံးတော့ ချစ်လွန်းအားကြီးလို့ တော်တော်ခံရခက်ပါတယ်။ တော်တော်ခံစားရပါတယ်။

ဒါပေမယ့် တဖြည်းဖြည်း သဘောပေါက်လာတယ်။

ဪ - သေတဲ့သူက မွေးလို့ သေသွေးတွေ ပါလာတာ။

သေမင်းက သူတစ်ယောက်တည်း မဟုတ်ပါဘူး။ အိုတာတွေ၊ နာတာတွေကိုပါ ခေါ်ပြီး အတူလာခဲ့တာပါ။

ကင်ဆာဖောင်ဒေးရှင်း တည်ထောင်တဲ့ ဒကာကြီး ဦးလှထွန်းမဆုံးမီ နာမကျန်း ဖြစ်နေတုန်း ဆေးရုံပေါ်မှာ သွားကြည့်တယ်။

သူ့လက်ကလေးကိုင်ပြီး ပရိတ်တွေ ဘာတွေရွတ်ပြီး ကိုယ်ကလည်း စကားပြော အားပေးခဲ့ပါသေးတယ်။

ဪ - အဲဒီမှာ စိတ်ထဲ ဖြစ်မိတယ်။

ကြည့်စမ်း။

'နာသူကမွေး၊ နာသွေးပါလာ၊

နာမှာမလွဲ၊ နာမြဲသေချာ၊

ငါလည်းပဲ၊ အမြဲနာရမှာ'

သူလည်းပဲ နာရမှာပဲ၊ ငါလည်းပဲ နာရမှာပဲ။ သေမင်းဆိုတာသူတစ်ယောက်တည်း လာတာ မဟုတ်ဘူး။ နာမင်းလည်း ပါလာတယ်။ အိုမင်းလည်း ပါလာပါတယ်။

http://www.dhammadownload.com



'အိုသူကမွေး၊ အိုသွေးပါလာ၊
အိုမှာမလွဲ၊ အိုမြဲသေချာ၊
ငါလည်းပဲ၊ အမြဲအိုရမှာ'
သေမင်းနဲ့အတူ အိုမင်းကလည်း ပါလာပါတယ်။

အဖေ အမေက သားသမီးတွေအတွက် ဘာတွေ ချန်ခဲ့တာလဲဆိုတော့ အဲဒီဓာတ်တွေ ချန်ခဲ့တာ ဖြစ်ပါတယ်။ အိုသွေး၊ နာသွေးတွေ ချန်ခဲ့တာပါပဲ။

အဘိုး အဘွားတွေ ဘာတွေ အမွေပေးခဲ့တာတုံးဆိုရင် အိုသွေး၊ နာသွေး၊ သေသွေးတွေ အမွေပေးခဲ့တာပါ။

အဲဒီလို သဘောပေါက်သွားရင် ငါ့အဘိုး၊ ငါ့အဖေ၊ ငါ့အစ်ကို၊ ငါ့ဆွေမျိုး ဘာလို့ သေတာတုံးလို့ ထူးထူးဆန်းဆန်း ရှာစရာ မလိုတော့ပါဘူး၊ စိတ်မကောင်းနေစရာလည်း မလိုတော့ပါဘူး။

မွေးလာတဲ့သတ္တဝါတွေဟာ မွေးပြီးတာနဲ့ တစ်ပြိုင်နက် အိုလာမယ်၊ နာလာမယ်၊ အချိန်ကျရင် သေရမှာပါပဲ။ ဒါဟာ ထုံးစံပါပဲ။ အသိဉာဏ်လေးရှိလာရင် သေတာဟာ သဘာဝပဲ။ သေတာဟာ ထုံးစံပဲလို့ မြင်လာ ခံယူလာပါမယ်။

□

http://www.dhammadownload.com

# မသိငါးမျိုး သိတစ်မျိုး



http://www.dhammadownlo

http://www.dhammadownload.com

# မသိငါးမျိုး သိတစ်မျိုး

လူတိုင်း လူတိုင်း မွေးလာပြီးရင် မသေတဲ့လူ မရှိပါဘူး။

ဘာလို့ သေရတာလဲလို့မေးရင် ကျောက်ကပ်ကြောင့်လည်း မဟုတ်ပါဘူး၊ နှလုံးကြောင့်လည်း မဟုတ်ပါဘူး၊ သေတဲ့ဓာတ်ကိုက ပါလာလို့ပါပဲ။

အဲဒီ သေတဲ့ဓာတ်ကို မိမိတို့ကိုယ်တိုင် ဉာဏ်နဲ့ မြင်ရင် သေမင်း ဆိုတာ အချွန်အတက်တွေနဲ့ သေမင်း မဟုတ်ဘူး၊ ဉာဏ်အသိနဲ့ မြင်ရတဲ့သေမင်း ဖြစ်ပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သေမင်းနဲ့ ပတ်သက်ပြီး တော့ သိစရာတွေကို ငါးမျိုး ဟောခဲ့တာပါ။

သေတဲ့ဓာတ်တွေ ခန္ဓာကိုယ်ထဲမှာ ရှိနေပါတယ်။

အဖေတွေ၊ အမေတွေ ကိုယ့်ကို ဘယ်လောက်ချစ်ချစ် သေတဲ့ဓာတ်တွေ ကိုယ့်ကို အမွေပေးခဲ့တာပါ။ ဒီသဘောတွေကို အသိဉာဏ်နဲ့ မြင်ရပါမယ်။

http://www.dhammadownload.com



တစ်ယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော သတ္တဝါ အပေါင်းတို့သည် ဆိုက်ရောက်လာသည့် အခါမရွေး၊ ဤယနေ့၌သော် လည်းကောင်း၊ နံနက်မိုးသောက် အလင်းရောက်လာ နက်ဖြန်ခါ၌သော် လည်းကောင်း သေရမည်ကို ကြီးကြီးငယ်ငယ် ရွယ်ရွယ်မဆို အဘယ် ပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် ပိုင်းဖြတ်နိုင်းချိန်လတ်၍ တပ်အပ်သေချာ ဘယ်မှာ သိနိုင်ပါအံ့နည်း။

သတ္တဝါတိုင်း သတ္တဝါတိုင်း သေမှာပဲ။

သေမင်းနဲ့ ပတ်သက်ပြီး မသိတာ ငါးမျိုး ရှိပါတယ်။

(၁) ဘယ်အချိန်မှာ သေမယ် မသိပါဘူး။

(၂) ဘယ်နေရာမှာ သေမယ် မသိပါဘူး။

(၃) ဘယ်နေ့မှာ သေမယ် မသိပါဘူး။

(၄) ဘယ်ရောဂါနဲ့ သေမယ် မသိပါဘူး။

(၅) သေပြီးရင် ဘယ်ရောက်မယ်ဆိုတာ မသိပါဘူး။

ဒါ သေမင်းနဲ့ပတ်သက်တဲ့ မသိနိုင်တဲ့ သဘာဝ ဖြစ်ပါတယ်။

ဒီရောဂါကြီး ဖြစ်နေပေမယ့် တခြားဟာနဲ့ သေချင် သေမှာ ပါ။ ဒီနေရာမှာ နေပေမယ့် ဒီမှာ သေချင်မှ သေတာ၊ တခြားအရပ်မှာ သေချင် သေတာပါပဲ။

ဘယ်နေ့ သေမှာလဲ မသိဘူး။ ဘယ်နေရာမှာ သေမှာလဲ မသိပါဘူး။ ဘယ်အချိန် သေမှာလဲ မသိဘူး။ ဘယ်ရောဂါနဲ့

http://www.dhammadownload.com



သေမယ်လဲ မသိဘူး။ သေပြီးရင် ဘယ်ရောက်မယ် ဆိုတာလည်း မသိပါဘူး။

သေမင်းနဲ့ ပတ်သက်ပြီး မသိတာ ငါးမျိုး ရှိပေမယ့် သိတာတော့ တစ်မျိုးတည်းပဲ ရှိပါတယ်။

အဲဒါက ဘာလဲဆိုတော့ သေမှာက သေချာတယ်။

ဟောတဲ့သူလည်း သေမှာပဲ။

တရားနာတဲ့သူလည်း သေမှာပဲ။

ရေးတဲ့သူရော ဖတ်တဲ့သူတွေပါ သေမှာပါပဲ။

နိမိတ် မရှိ နမာမရှိ ပြောတာ မဟုတ်ပါဘူး။ သေမှာက သေချာပါတယ်။

ဘယ်လို သေမှာလဲ၊ ငါးမျိုးကို မသိပေမယ့် သေမှာ တစ်မျိုးကိုတော့ သိပါတယ်။

သိတဲ့ သေမှာကို ဂရုမစိုက်ဘဲ မသိတဲ့ဟာတွေကို လိုက်ဂရုစိုက်နေတော့ ပင်ပန်းနေတာပေါ့။

သတ္တဝါတိုင်း သတ္တဝါတိုင်း မသေဘူးဆိုတာ မရှိပါဘူး။ သတ္တဝါတိုင်း သေကြပါတယ်။

အသက်ဖြစ်လာရင် နောက်ဆုံးတော့ ဒီလိုပဲ သေကြရပါတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးလည်း ပရိနိဗ္ဗာန်စံဝင်ရပါတယ်။

မသေတာဆိုလို့ နှစ်မျိုးပဲ ရှိတယ်။

http://www.dhammadownload.com



တစ်ခုခုကို စိတ်ကူးနဲ့ ကိုယ်သတ်မှတ်ထားရင်လည်း မသေဘူး။ အဲဒါ သေချင်လို့ သတ်မှတ်တာမှ မဟုတ်တာ။ ရှင်ချင်လို့ သတ်မှတ်တာ၊ မသေဘူး။

ဆိုပါစို့။ ဒကာကြီး ဦးလှထွန်း ဆုံးသွားပြီ။

လောကသဘောနဲ့ ခန္ဓာကိုယ်ကြီး သေသွားပြီ။ ဆုံးသွားပါပြီ။

ဒါပေမယ့် ကိုယ့်စိတ်ထဲက သတ်မှတ်ပြီး ဆရာကြီး ကျေးဇူးကြောင့် တို့တစ်တွေ ဒီလို နေရတာ၊ ဦးလေးကျေးဇူးကြောင့် တို့တစ်တွေ ဒီလို နေရတာလို့ စိတ်က သတ်မှတ်ထားရင် ဒကာကြီး ဦးလှထွန်း သေရိုးထုံးစံ မရှိပါဘူး။

အဲဒီလိုမျိုး စိတ်ထဲက သတ်မှတ်ရင် သေကို မသေပါဘူး။

ဘုန်းဘုန်းတို့ ဆရာသမားတွေလည်း ဆုံးပါးသွားတယ်၊ ပျံလွန်သွားပေမယ့် ကိုယ့်စိတ်ထဲက သေတယ်လို့ မထင်ပါဘူး။ ကိုယ့်စိတ်ထဲက 'မသေဘူး' လို့ သတ်မှတ်ထားရင် ဘယ်တော့မှ မသေပါဘူး။

ဘုန်းဘုန်းတို့ အမေ ဆုံးသွားတာ သုံးနှစ်ပြည့်ပါပြီ။

ကိုယ့်စိတ်ထဲက မသေဘူးလို့ သတ်မှတ်ထားရင် ဘယ်တော့မှ မသေပါဘူး။

လောကသဘောတရားအရ သေရင် သေသွားမယ်။ ကိုယ့်စိတ်ထဲမှာတော့ ဘယ်တော့မှ မသေပါဘူး။

http://www.dhammadownload.com



ကျေးဇူးရှိတဲ့သူ၊ ဂုဏ်ကြီးတဲ့ သူတွေကို ကိုယ့်စိတ်ထဲက မသေဘူးလို့ သတ်မှတ်ထားတာပါ။ ဒါက ကျေးဇူးရှိတဲ့လူတွေကို ပြောတာပါ။

နောက်တစ်မျိုးက ဓာတ်ပုံတို့၊ ရုပ်တုတို့ဆိုရင် မသေပါဘူး။ ဒီပုံ ဒီပုံပဲ။

မသေချင်ရင် ရုပ်တု ထုထားကြပေါ့။

ဘုရားတောင်မှ ပရိနိဗ္ဗာန်စံပါတယ်။

လောကမှာ အသက်ရှိလာရင် သေရတာ ဆုံးရတာ၊ ပရိနိဗ္ဗာန်စံရတာ၊ နတ်ရွာစံတာ၊ ကံတော်ကုန်တာပါပဲ၊ ဘယ်လို စကားသုံးသုံး သေခြင်းသဘောပါပဲ။

ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ဘာဖြစ်လို့ ရက်လည် လုပ်ကြတာလဲမေးရင် တမလွန်ဘဝရောက်သွားတဲ့ ဒီပုဂ္ဂိုလ်ကို ဒီက ကုသိုလ်တွေပြုပြီးတော့ ကုသိုလ်တွေ အမျှဝေဖို့ သတိရ အမှတ်ရနေတဲ့ အကြောင်းကြောင့် ကိုယ်လုပ်ပေးနိုင်တဲ့ ကုသိုလ်လေး လုပ်ပေးတာ ပေါ့လေ။

ဒီ ရက်လည်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှား ရှိစဉ်က အနာထပိဏ် သူဌေးကြီးဆိုတဲ့ ကျောင်းဒကာကြီးတစ်ယောက် ရှိပါတယ်။ သူ့မှာ မြေးမလေး တစ်ယောက်လည်း ရှိပါတယ်။

http://www.dhammadownload.com



အဲဒီ မြေးမလေးမှာက အရုပ်လေးတစ်ရုပ် ရှိတယ်။ မင်းသမီးရုပ်လေးပေါ့။ လှအောင် ဆေးလေးဘာလေးခြယ်ထားတယ်။

ကလေးမလေးက အရုပ်နဲ့ ကစားရင်း ကစားရင်းနဲ့ အဲဒီ အရုပ်ကလေးက ကျိုးပဲ့သွားပါတယ်။

လက်လေးပြတ်သွား၊ ကျိုးပဲ့သွားပါတယ်။

ကလေးသဘာဝ ငိုတာပေါ့။

ဒါပဲ သူ့ညီမလေး၊ ဒါပဲ သူ့သူငယ်ချင်း၊ ဒါပဲ သူ့မင်းသမီးလေး ဆိုတော့ ကျိုးပဲ့သွားတော့ ငိုတာပေါ့။

အဲဒီမှာတင် အထိန်းတော်တွေက ချော့ကြ၊ အချော့တော်တွေ က ချော့ကြ။

ဘယ်လိုမှ ချော့လို့ကို မရပါဘူး။

အရုပ်ကလေး အစားလာပြီး ပေးတယ်၊ မရဘူး၊ ငိုတာပါပဲ။ ဒီအရုပ်ကလေးအတိုင်း တစ်ရုပ် ယူလာတယ်၊ မရပါဘူး၊ မြေးမလေး က ငိုတာပါပဲ။

ရော့ – ဒီအရုပ်ကလေးယူပါလားဆို ကလေးက မယူဘူး တဲ့။ ကျိုးပဲ့သွားတဲ့ အရုပ်ပဲ ယူချင်တာတဲ့။

ဒါထက်ကောင်းတာ ပေးမယ်ဆိုတော့လည်း မယူချင်ဘူးတဲ့။ ဒါပဲ ယူချင်တာတဲ့။

အဲဒီမှာ တွက်ကြည့်ပေါ့။

http://www.dhammadownload.com



ကလေးရဲ့စိတ်က သူ့ညီမလေး၊ သူ့သူငယ်ချင်းလေးလို့ ဖြစ်ထားတော့ အရုပ်ရယ်လို့ မမြင်ဘူး။

သက်ရှိ အနေနဲ့ပဲ မြင်တယ်။

သူက အသက်ရှိနေတဲ့ သူ့အရုပ်ကလေး၊ မင်းသမီးလေး သေသွားတာကို စိတ်မကောင်းဖြစ်ပြီး ငိုနေတာ။ ဘေးလူတွေက အငိုတိတ်အောင် မြေးမလေးအကြိုက် အရုပ်အသစ် ပုံစံ တစ်ပုံစံတည်း ပေးလည်း မယူပါဘူး။

ဒါ့ထက် လှတဲ့ ကောင်းတဲ့ဟာ ပေးလည်း မယူပါဘူး။ မိမိတို့လည်း အခြေအနေ ပြန်ကြည့်ပေါ့။

တစ်ဦးဦး ဆုံးပါးသွားရင် နောက်ထပ် ဒီလိုပုံမျိုး တစ်ယောက် ရရင် ယူဦးမလား။

ဒါမှမဟုတ် ဒီထက်ကောင်းတဲ့ သာတဲ့ တစ်ဦးဦး ယူမလား ဆိုရင် ဘယ်လိုမှ လက်မခံနိုင်ပါဘူး။

သဘောပေါက်ရမှာက ဒါပါပဲ။

အဲဒီမှာတင် အဘိုးဖြစ်သူ အနာထပိဏ် သူဌေးကြီးက မြေးမလေး ငိုနေတာတွေ့ရပြီး –

'ဘာဖြစ်နေတာတုံး'

ဆိုတော့ ဘေးက ဝိုင်းပြီး အကျိုးအကြောင်း ရှင်းပြကြ ပါတယ်။

http://www.dhammadownload.com



ဒီတော့ ...

'သမီး၊ သမီး မငိုနဲ့၊ ဘိုးဘိုး လုပ်ပေးမယ် ပေးပေး'

သူ့ဟာသူ ခေါင်းနဲ့လည်ပင်း ပြန်တပ်၊

လက်ကလေးတွေ ပြန်တပ်ပြီး –

'သမီး၊ သမီးရဲ့ ဒီအရုပ်ကလေး အသက်ရှင်ချင်လား'

'ရှင်ချင်ပါတယ်' ပေါ့။

'ရှင်ချင်ရင် ဘိုးဘိုး အသက်ရှင်အောင် လုပ်ပေးမယ်'

လို့ ဆိုပြီး အရုပ်ကလေးကို သေချာ တယုတယနဲ့ ပွေ့ပိုက်ပြီး အသက်ရှင်အောင် လုပ်ပေးလိုက်တာ၊ အဲဒီမှာ မြေးမလေး အငိုတိတ်သွားပါတယ်။

❒

အလင်းသစ်စာပေ

http://www.dhammadownload.com

# သေခြင်းနှစ်မျိုး

http://www.dhammadownload.com



http://www.dhammadownload.com

# သေခြင်းနှစ်မျိုး

ဒီအရပ်ကလေးက အသက်ရှင်လာတယ်။

ဘယ်လို အသက်ရှင်အောင် လုပ်တာတုံးဆိုတော့ ...

ခုနစ်ရက်အတွင်းမှာ သူဌေးကြီးက ဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ သံဃာတော်တွေပင့်ပြီး အိမ်မှာ ဆွမ်းကပ်တယ်။

ဆွမ်းကပ်တော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သဗ္ဗညုတ ဉာဏ်ပိုင်ရှင်ဆိုတော့ ကိစ္စအားလုံးကို သိမြင်ပြီး ဖြစ်ပါတယ်။

ဒီလို သိမြင်တော်မူပေမယ့် အများသိအောင်လို့၊ တချို့ စိတ်ထဲက ဇဝေဇဝါ ဖြစ်နေတဲ့သူတွေ သိအောင်လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက သိလျက်နဲ့ မေးတော်မူပါတယ်။

'ဒကာကြီး၊ ကနေ့ ဘာအတွက် ကုသိုလ်လုပ်တာလဲ'

'ဘာအတွက် ဒီပွဲ စီစဉ်တာလဲ'

အဲဒီလို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မေးတော်မူတော့

http://www.dhammadownload.com



အနာထပိဏ် သူဌေးကြီးက အခုလို ဖြေကြားလျှောက်ထားပါတယ်။

'အရှင်ဘုရား၊ မြေးမလေးရဲ့ ယမင်းရုပ်လေး အသက်ပြန်ရှင် အောင်လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ သံဃာတော်တွေပင့်ပြီး ဆွမ်းကပ်၊ လှူဖွယ်ဝတ္ထုတွေ လှူဒါန်းပါတယ် ဘုရား' တဲ့။

သူဌေးကြီးရဲ့ အဖြေစကား လျှောက်ထားသံဆုံးတော့ ဘုရား ရှင် ကိုယ်တော်မြတ်ကြီးက အဲဒီမှာ စကားတစ်ခွန်း မိန့်တော်မူတယ်။

'ပညာရှိတဲ့ သူတော်ကောင်းတွေများ သာမန်လူတွေလို ပူဆွေးသောက ရောက်တတ်တဲ့အချိန်မှာသော်မှ ကုသိုလ်တရားနဲ့ စိတ်ချမ်းသာအောင် လုပ်တတ်ပါပေတယ်' လို့ မိန့်တော်မူပါတယ်။

အဓိကကတော့ သာမန်လူတွေဆိုရင် စိတ်ဆင်းရဲရမယ့် အချိန်မှာ ကုသိုလ်တရားနဲ့ စိတ်ချမ်းသာအောင် လုပ်တာပါပဲ။ အဲဒီ အတွက် လုပ်တာပါပဲ။

မြေးမလေးလည်း အငိုတိတ်တယ်။ ဘုရားရှင် ကိုယ်တော် မြတ်ကြီးလည်း ဖူးရတယ်။ တရားလည်း နာရတယ်။ ကုသိုလ်တွေ ရှင်တာပေါ့။

အဓိကကတော့ သေတယ် သေတယ်ဆိုတာ နှစ်မျိုးရှိပါ တယ်။ လူ့အသက် သေတာက တစ်မျိုး၊ ကုသိုလ်အသက် သေတာက တစ်မျိုး ဖြစ်ပါတယ်။

http://www.dhammadownload.com



အသက်နဲ့ကုသိုလ် နှစ်မျိုးမှာ ဘယ်ဟာကို ရှင်အောင်လုပ်လို့ ရမလဲ။

ကုသိုလ်အသက်ကို ရှင်အောင်လုပ်လို့ ရပါတယ်။ အဲဒီ ကုသိုလ်တွေ သေသွားရင်သာ လောကမှာ သုံးစားမရ ဖြစ်တာ။

ကုသိုလ်ဆိုတာ ကောင်းတဲ့အလုပ် လုပ်တာကိုပြောတာပါ။ အကုသိုလ်ဆိုတာ မကောင်းတဲ့အလုပ် လုပ်တာကိုပြောတာ။

လူ့အသက်ရယ်၊ ကုသိုလ်အသက်ရယ်။ အသက်နှစ်မျိုး ရှိပါတယ်။ လူမသေဖို့ရယ် ကုသိုလ်မသေဖို့ရယ် နှစ်မျိုးမှာ ကုသိုလ် မသေအောင် ကြိုးစားကြတာ သူတော်ကောင်းတွေအလုပ် ဖြစ်ပါ တယ်။ ဒကာကြီး ဦးလှထွန်းဆိုရင် ကြည့်ပါ။

လူသေတာ မသေတာ သူ ခေါင်းထဲ မထည့်ပါဘူး။ သူ့ အသက်အရွယ်နဲ့သူ နားဖို့ ကောင်းနေပါပြီ။ အေးအေးချမ်းချမ်းနေဖို့ ကောင်းပါပြီ။

သို့ပေမယ့် ပူပူလောင်လောင်နေတာတော့ မဟုတ်ဘူး။ သူ့ အသက်ရှင်ဖို့ထက် ကုသိုလ်တွေအသက်ရှင်ဖို့ ဂရုစိုက်ခဲ့ပါတယ်။ ကောင်းတာတွေလုပ်ဖို့ ဂရုစိုက်ခဲ့ပါတယ်။

တကယ်တမ်းမှာလည်း အသက်ရော ကုသိုလ်ပါ နှစ်မျိုး ရှင်အောင်ဆိုရင် ကုသိုလ်ဖြစ်အောင် လုပ်ရပါမယ်။

http://www.dhammadownload.com



သေချာ စဉ်းစားကြည့်ပါ။

အသိဉာဏ် ရှိလာတာနဲ့အမျှ ဘယ်ဘာသာကိုသာ ကိုးကွယ်တဲ့လူရယ်လို့ မဟုတ်တော့ပါဘူး။ အသိဉာဏ် ရှိလာတာနဲ့အမျှ ကိုယ့်အတွက် ကောင်းဖို့ထက် အများအတွက်ကောင်းဖို့ လုပ်လာတယ်။

အဲဒါကို ကုသိုလ်လို့ခေါ်တယ်။ ကိုယ့်အတွက် ကောင်းဖို့လည်း ပါသွားတာပဲ။ အများအတွက်ကောင်းဖို့လည်း ပါသွားတာပဲ။

အဲဒီလို ကုသိုလ် အသက်ရှင်ဖို့ အရေးကြီးတာကို သိတဲ့အခါ လူ့အသက်ရှင်ဖို့ ဂရုမစိုက်ပါဘူး။ လူ့အသက်သေမှာတွေ ဘာတွေ ဂရုမစိုက်တော့ပါဘူး။

အဲဒီကျတော့ ဘာဖြစ်လာသလဲဆိုတော့၊ လူသာ သေတယ် နာမည် မသေဘူး ဖြစ်လာပါတယ်။

ဘာလို့ နာမည်မသေတာလဲ။

သူ့အလုပ် သူ ကောင်းအောင် လုပ်နေတာကိုး။

ကောင်းတဲ့ အလုပ်ကိုပဲ ဂရုစိုက်တယ်။ အကျိုးပေး ခံစားမှုတွေကို ဂရုမစိုက်ပါဘူး။

လူနှစ်မျိုးရှိတယ်။ လူတစ်မျိုးက အကျိုးပေး ခံစားမှုကို ဂရုစိုက်တယ်။ အဲဒီလူကျတော့ အလုပ်ပျင်းတယ်။

လူတစ်မျိုးကတော့ အလုပ်ကိုပဲ ဂရုစိုက်တယ်။ အလုပ်ကိုပဲ

http://www.dhammadownload.com



ဂရုစိုက်တဲ့လူကျတော့ အကျိုးပေး ခံစားတာ ခေါင်းထဲ မထည့်ဘူး။ အလုပ်လုပ်တဲ့လူက ကြီးပွားတိုးတက်တယ်။ အကျိုးပေး ခံစားခွင့်ကို မက်မနေဘူး။ ပျင်းရိတယ်ဆိုတာ မရှိပါဘူး။

တချို့ကျတော့ အကျိုးပေးရဖို့ပဲ မက်တယ်။ အလုပ်ကျတော့ ဘာမှ မလုပ်ချင်ဘူး။

လွယ်လွယ်ပြောရင် တောရွာတွေမှာဆိုရင် လမ်းလျှောက်ရင် အောက်ငုံ့ ကြည့်သွားကြတာပေါ့။ ငါးမူးစေ့လေး ကျပ်စေ့လေးများ တွေ့မလား၊ ဘာအလုပ်မှ မလုပ်ဘဲ ခလုတ်တိုက်မှရမှာကို လိုချင်တဲ့ လူတွေ တစ်ပုံကြီး ရှိကြပါတယ်။

အရေးကြီးတာက တကယ်အဆင့်အတန်းမြင့်မြင့် စိတ်ဓာတ်တွေ ကောင်းလာတာနဲ့အမျှ အလုပ်ပဲ ဂရုစိုက်တယ်။ အကျိုးပေးခံစားမှုကို ဂရုမစိုက်တော့ဘူး။

အဲဒီလို ဂရုစိုက်ပြီး ကောင်းတဲ့အလုပ် လုပ်တာကို ကုသိုလ်သက်ရှည်တယ် ခေါ်ပါတယ်။ အလုပ်ကို ဂရုစိုက်တဲ့လူဟာ လူသေပေမယ့် နာမည်မသေပါဘူး။ တချို့ကျတော့ အံ့ဩစရာ ကောင်းတာက လောကမှာ လူမသေခင်ဘဲ နာမည်သေနေတာ။ နာမည်သေတာက လူသေတာထက် ပိုဆိုးတယ်။

အလုပ်ပဲ ဂရုစိုက်ချင်တယ်။ အကျိုးပေးကို ဂရုမစိုက်ဘူး။

http://www.dhammadownload.com



ကောင်းတာတွေလုပ်တာ ကုသိုလ်အသက်ရှင်တာပဲ။

အဲဒါကိုသိတဲ့ သားသမီး မြေးမြစ် တပည့်တပန်း အပေါင်းအသင်းတွေက ဒီနေ့ ဘာလုပ်ပေးတာလဲဆိုရင် ဒကာကြီး ဦးလှထွန်း ကုသိုလ်သက်ရှင်ဖို့ ဒကာကြီးရဲ့ အလုပ်တွေကို ဆက်လက် အကောင်အထည်ဖော်ပေးကြတာပါ။ သူရှိရင်လည်း သူလုပ်ပေးမှာပဲ၊ သူမရှိရင်လည်း လုပ်မှာပါပဲ။

ဒီနေ့ လုပ်နေတာ အဲဒါ။ ဘာကြောင့် ညာကြောင့် မပါဘူး။ လူတွေရဲ့ ကုသိုလ်အသက်ရှင်ဖို့ လုပ်တာပါ။

အခု အနာထပိဏ်သူဌေးက အရုပ်အသက်ရှင်ဖို့ လုပ်တာ မဟုတ်ပါဘူး။ မြေးမလေးရဲ့ ကုသိုလ်အသက်ရှင်အောင် လုပ်တာပါ။

မြေးမလေးရဲ့ ကုသိုလ်အသက်ရှင်တာကို အကြောင်းပြုပြီး သူ့ရဲ့ယမင်းရုပ်လေးလည်း အသက်ရှင်လာတယ်လို့ ဆိုလိုတာပါ။ မြေးမလေးက အရုပ်လေး ကျိုးပျက်သွားပေမယ့် ကုသိုလ်တွေ ခုနစ်ရက်လုံးလုံး ဝိုင်းကူလုပ်နေရတဲ့အတွက် စိတ်ချမ်းသာနေတော့ အငိုတိတ်လို့ အရုပ်ကလေး အသက်ရှင်တယ်လို့ ပြောရတာပါ။

ဒီစကားရပ်က ဆရာစဉ်ဆက်ပြောတာမှတ်သားခဲ့တဲ့ ခုနစ်ရက် ကုသိုလ်လုပ်လို့ ခုနစ်ရက် ရက်လည်တယ်လို့ သတ်မှတ်ချက်ပါပဲ။

❒

http://www.dhammadownload.com

# မြတ်မှာလား ရှုံးမှာလား

http://www.dhammadownload.com



http://www.dhammadownload.com

# မြတ်မှာလား ရှုံးမှာလား

အရုပ်ပဲ့ပြီးသားကို ပြန်ကောင်းဖို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တန်ခိုးစွမ်းအားနဲ့ လုပ်လို့ရဦးတော့ မလုပ်ပေးပါဘူးလေ။

ဘာဖြစ်လို့လဲဆိုတော့ လူတွေက အရုပ်အသက်ရှင်ဖို့ပဲ မဲသွားရင် ဂရုစိုက်ရင် ကုသိုလ်အသက်ဝင်ဖို့ ကုသိုလ်အသက်ဆက်ရှင်ဖို့ မကြိုးစားတော့ဘူး ဖြစ်သွားမှာပေါ့။ တန်ခိုးရှိပေမယ့် လုပ်မပေးပါဘူး။

အဲဒီအကြောင်းပြပြီး အဘိုးဆုံးတယ်၊ အဘွားဆုံးတယ်၊ အဖေ,အမေ ဆုံးတယ်၊ သားသမီး ညီအစ်ကိုမောင်နှမတွေ တမလွန်ဘဝရောက်သွားရင် ဗုဒ္ဓဘာသာတွေက ကုသိုလ်လုပ်ပေးတာပါ၊ ကုသိုလ်မသေဖို့ လုပ်ပေးတာပါ။ အသက်ရှင်ဖို့ အတွက်ကတော့ အားလုံးသတ္တဝါတိုင်း သေရမှာပါပဲ။ ကိုယ်လည်း သေမှာပဲ။

ဘုန်းဘုန်းတို့ အညာဒေသမှာ အဒေါ်တစ်ယောက်ရှိတယ်။

http://www.dhammadownload.com



ခေါင်းရွက်ဗျပ်ထိုး ဈေးရောင်းတယ်။ အမဲသား၊ ဝက်သား၊ ငါးရောင်းတယ်။ ကြက်သား မရောင်းဘူး။ ဘာလို့တုံးဆိုတော့ တောနေကြတဲ့ ရွာသူရွာသားတွေက ဘယ် ... ကြက်သား ဝယ်စားမှာလဲ။

ဟိုရွာလှည့်ရောင်း ဒီရွာလှည့်ရောင်း၊ အဲဒီလို ရောင်းနေတာကို ပိုက်ဆံတတ်နိုင်တဲ့လူက ကြက်သားလေးပါ ရောင်းပါဦးလားဟယ် ဆိုတော့ 'ဟုတ်ကဲ့' ဆိုပြီး နောက်နေ့ ခေါင်းပေါ် နီးဗန်းကြီးတင်ပြီး ကြက်သား ၃ ကောင်ယူသွားတယ်။ အဲဒီအိမ်က တစ်ကောင် ဝယ်လိုက်တယ်။ နှစ်ကောင်ကျန်တာ ဘယ်သူမှ မဝယ်ဘူး။ နောက်နေ့ကျတော့ တစ်ကောင်ပဲ ယူသွားတယ်။ သုံးကောင်ယူမသွားတော့ဘူး။

ဘာလို့ တစ်ကောင်ပဲ ယူသွားတာလဲ ဆိုတော့ နှစ်ကောင်က ဝယ်မယ့်သူ မရှိလို့ပေါ့။ အရင်က ယူသာသွားတယ် ဝယ်သူမရှိတော့ ရှုံးတာပေါ့။ လူများမဝယ်တော့ ကိုယ်တိုင် အိမ်မှာပဲ ချက်စားလိုက်ရတော့ ရှုံးတာပေါ့။

ဟိုကလည်း တစ်ကောင်တော့ စားမယ်။ နောက်နေ့ နေ့တိုင်းတော့ ဘယ်ဝယ်စားမှာတုံး။ နောက်နေ့ တစ်ကောင်လည်း မဝယ်ရော ကြက်သား ခေါင်းရွက်ရောင်းဖို့ ယူကို မသွားတော့ဘူး။

ဘာလို့ ယူမသွားတာလဲဆိုတော့ ဝယ်မယ်မှန်း မသိ၊ မဝယ်မယ်မှန်း မသိ။ မြတ်မှာလား၊ ရှုံးမှာလား မသိနိုင်ဘူး။

http://www.dhammadownload.com



ရှုံးဖို့တော့ များနေတယ်။

ခေါင်းရွက် ဗျပ်ထိုး ဈေးသည်တစ်ယောက်တောင်မှ ရှုံးမှန်းသိရင် ဆက်ပြီး အရှုံးမခံတော့ပါဘူး။ ကျန်တဲ့လူတွေလည်း တစ်ခါရှုံးဖူးရင် နောက်ထပ် အရှုံးမခံရဖို့ အရေးကြီးပါတယ်။

လူသေတာနဲ့ပတ်သက်ပြီး လူရှင်အောင်လုပ်လို့ မရဘူး။ ကုသိုလ်ပဲ ရှင်အောင်လုပ်လို့ရမယ်။ အဲဒါကြီးကို ပူဆွေးနေရင် အရှုံးထဲက အရှုံးပဲ။ ကြက်သားသည်လောက်တောင် အသိဉာဏ် မရှိဘူးဖြစ်မှာပေါ့။

မငိုနဲ့ မပြောပါဘူး။ ငိုချင်ငိုပါ။ အရှုံးထဲက အရှုံးမဖြစ်ဖို့အရေးကြီးပါတယ်။ ဘုရားသော်မှ မလွတ်ရဘဲ မုချမှန်စွာ အားလုံးသေကြရမှာ ဖြစ်သောကြောင့် –

သေမင်းခန္ဓာ ပျူပျူငှာကို
သူငါသမုတ် ကျေးမွေးသုတ်သင်
အသင် သူတော်စင်သည်
သေလွန်သောအခါ
သံသရာမှာ ရိက္ခာထုပ်နှင့်
မယုတ်တူလှစွာသော
ဒါန သီလ သမထ ဝိပဿနာ

http://www.dhammadownload.com



ကုသိုလ်ကောင်းမှုအဖြာဖြာကို
သေမင်းအရှင် မခေါ်ခင်က
စိတ်ရွှင်ကိုယ်လန်း
ခန္ဓာစွမ်း၍
ကျန်းကျန်းမာမာ ရှေးဦးစွာကသာလျှင်
လှူဒါန်းတစ်ဖြာ၊ ဆောက်တည်ကာဖြင့်
မှန်စွာရှုပွား အားထုတ်သောအားဖြင့်
ဒါန သီလ ဘာဝနာ ကုသိုလ်အလုပ်တွေကို
ကြိုးစား၍ ပြုလုပ်သင့်ပါပေ၏။

မသေခင် ကုသိုလ်လုပ်ပါ။ ခန္ဓာကိုယ်ကြီး ရထားတယ်။ ဒီခန္ဓာကိုယ်ကြီးက တကယ်တမ်း ကိုယ်ပိုင်တယ်ဆိုရင် မသေအောင် လုပ်မှာပေါ့။ သေသွားတယ်ဆိုတာ ကိုယ်ပိုင်တာလား၊ သေမင်းပိုင်တာ လားဆိုတာ စဉ်းစားဖို့ပါ။

သေမင်းက အချိန်မရွေး ခေါ်မှာပါပဲ။ ကိုယ့် ခန္ဓာကိုယ် မဟုတ်ပါဘူး။ သေမင်းခန္ဓာတဲ့။

ဒီခန္ဓာကိုယ်ကြီးက သေမင်းဆီက ခဏငှားထားတာတဲ့။

□

http://www.dhammadownload.com

# သူများဆီက ငှားထားတာ


http://www.dhammadownload.com

http://www.dhammadownload.com

## သူများဆီက ငှားထားတာ

ဘာနဲ့တူလဲဆိုတော့ ရန်ကုန်မြို့မှာနေတဲ့ ပုဂ္ဂိုလ်တွေဟာ တောရပ် တောဒေသက တက်လာကြတယ် ဆိုပါစို့။

လယ်တွေ၊ ယာတွေ၊ ချောင်းတွေ မြောင်းတွေ အကုန်ရောင်းပြီး တက်လာကြတယ်။

ဘာလို့ တက်လာတာလဲဆိုရင် စီးပွားရှာဖို့ လာကြတာပေါ့။

ရန်ကုန်ရောက်တော့ ဘာပြောပြော ပါလာတဲ့ အရင်းအနှီးလေးနဲ့ သင့်တော်တဲ့ မြို့ထဲတစ်နေရာမှာ တိုက်ခန်းငှားနေပါတယ်။

တိုက်ခန်းက အောက်ထပ် မရဘူး။

ပထမထပ်ရတယ်။

လုပ်ငန်းကိုင်ငန်း ဈေးရောင်းလို့လည်း မရ။

ပါလာတဲ့ အထုပ်ကလေး ဖြေစား၊ ဖြေစား လုပ်နေရပါတယ်။

ဒါနဲ့တင် မကဘူး။

http://www.dhammadownload.com



ကြည့်လေ၊ စီးပွားရှာဖို့ နယ်ကလာတဲ့ လူတွေဟာ အောက်ထပ်က လက်ဖက်ရည်ဆိုင်၊ ဟိုဘက်ဘေးက စားသောက်ဆိုင်၊ ဒီဘက်ဘေးက ကာရာအိုကေ၊ ဟိုဘက်ဘေးက TV Game။

ကိုယ့်ပါလာတဲ့ပိုက်ဆံတွေ အထုပ်ဖြေပြီး စားလိုက်သောက်လိုက် ပျော်လိုက်ပါးလိုက်နဲ့ အဲဒါနဲ့တင် စီးပွားမရှာဘဲ အချိန်ကုန်တော့ မွဲကုန်ပါလေရော။

မွဲလာတော့ မြို့ထဲက တစ်လကို တစ်သိန်းပေးရတဲ့ နေရာကနေ တစ်လကို ငါးသောင်းတန်လောက်ငှား၊ ငါးသောင်းကနေ သုံးသောင်းတန်လောက်ငှား၊ တဖြည်းဖြည်း မြို့လယ်ကောင်ကနေ ဟိုး...မြို့စွန်မြို့ဖျားက ဆင်ခြေဖုံး ရောက်သွားကြရတယ်။

နောက်ဆုံးတော့ ကျူးကျော်တဲဆီ ရောက်သွားကြရတယ်။

မိမိတို့ လာတုန်းက ရန်ကုန်မှာ စီးပွားရှာဖို့ လာတာ၊ နယ်ကနေ စီးပွားဖြစ်ချင်လွန်းလို့ မြို့ကို တက်လာတာပါ။

အဲဒီလိုပဲ မိမိတို့ တစ်တွေလည်း သုံးဆယ့်တစ်ဘုံကနေ လူ့ပြည်ဌာန လူ့လောကမှာ ကုသိုလ်စီးပွား လာရှာကြတာပါ။

ဟောဒီ လူ့ဘဝ ခန္ဓာကိုယ်ကြီးက အိမ်ငှားခန္ဓာကိုယ်ကြီးပါပဲ။

အဲဒါကို ကိုယ့်ကိုယ်ကိုယ် သေမင်းဆီက ငှားထားတယ်ဆိုတာ မသိလေတော့လေ ကြည့်စမ်းပါဦး ....။

http://www.dhammadownload.com



ပျော်လိုက်ပါးလိုက် စားလိုက်သောက်လိုက်နဲ့ တကယ်လို့သာ မိမိတို့က အိမ်ငှား၊ အိမ်ငှားအနေနဲ့ ခန္ဓာကိုယ်ကြီး ငှားထားမှန်းသိရင် နောက် သုံးလနေရင် အိမ်ရှင်က ပြန်သိမ်းတော့မယ်။

မိုးယိုနေတဲ့ သွပ်မိုးကို အကုန်ခွာပြီး ပြန်မိုးမလား။

ခွက်လေးခံပြီး နေမလား။

စဉ်းစားပေါ့။

ကိုယ်မပိုင်လို့ အိမ်အမိုးကို မပြင်တော့ဘဲ ခွက်လေးခံပြီး နေမယ်။

ဒါဖြင့် မိမိတို့ ဒီခန္ဓာကိုယ်ကြီးကရော ခွက်လေးခံပြီး နေရုံနေတာလား။

သွပ်ဟောင်းတွေကို ခွာပစ်ပြီး သွပ်အသစ်တွေ မိုးနေတာလား၊ ပြန်ကြည့်ကြစေလိုပါတယ်။

အိမ်ရှင်သေမင်းက အိမ်ပြန်အပ်ဖို့ ပြောနေပါပြီ။

ဆံပင်ဖြူလာတယ်ဆိုတာ နောက် သုံးလေးငါးလပဲ ကျန်တော့တယ်။ အိမ်ရှင်က အိမ်ပြန်အပ်ဖို့ ပြောတော့မယ်။

အခုလည်း သွပ်မိုးက ပေါက်နေပြီ။ ကိုယ့်အိမ်ပိုင်လည်း မဟုတ်ဘူး။ နောက် သုံးလေးငါးလ အချိန်တန်ရင် အိမ်ရှင်သေမင်းထံ ဒီအငှားခန္ဓာအိမ်ကြီးကို ပြန်အပ်ရတော့မယ်။

http://www.dhammadownload.com



အဲဒါကို ကိုယ်က ကိုယ့်အိမ်ပိုင်ထင်ပြီး ဒါပဲ ပြင်နေကြတာ။

ဟယ် – နင်တို့အိမ်ကလည်း ကြည့်စမ်းပါဦးလို့ သူများက အိမ်ပိုင်ထင်ပြီး လာပြောတာ။

ကိုယ်က အိမ်ငှား။

နင်တို့အိမ်ကြီးက ကြည့်စမ်းပါဦးဟာ ဆေးလည်းမရှိ၊ အရောင်လည်း မရှိ၊ အရောင်က ဖျော့တော့တော့နဲ့။

နင်တို့ဂုဏ်နဲ့ နင်တို့သိက္ခာနဲ့ ဆေးလေးဘာလေး သုတ်စမ်းပါဦး ဆိုတော့ ဘာလုပ်ကြမလဲ။

နောက်သုံးလေးလနေရင် အိမ်က ပြန်ပေးရတော့မယ်။ ပြန်အပ်ရတော့မယ်။ ဆေးသုတ်မလား၊ မသုတ်ဘူးလား။

ဒါပေမယ့် နိစ္စရူပ ခန္ဓာကိုယ်ကို ဆေးတွေနဲ့ သုတ်နေကြတယ်။ ဟိုအရောင်ခြယ်၊ ဒီအရောင်ဆိုး အမျိုးမျိုးသော အရောင်တွေနဲ့ မျက်နှာကို ဆေးသုတ်နေတာပါ။

တချို့ကျတော့ မျက်နှာတင် မဟုတ်တော့ဘူး။ မျက်နှာတင် အားမရလို့ ခေါင်းပေါ်က ဆံပင်တွေကိုပါ အရောင်အမျိုးမျိုး ခြယ်ကြသေးတယ်။

အဲဒါကိုပြောတာ၊ အလကားနေရင်း မျက်နှာကို ဆေးသုတ်ပြီး၊ ဆံပင်ကိုဆေးဆိုးပြီး အကုန်ခံတယ်ဆိုတာ။

http://www.dhammadownload.com



ကိုယ့်ခန္ဓာကိုယ်ဟာ ကိုယ့်အိမ် မဟုတ်ပါဘူး။ သူများအိမ်ပါ။ သေမင်းဆီက ခဏငှားထားတာ။

တကယ်က ကိုယ်ပိုင် မဟုတ်ဘူး။

သူများဆီက ငှားထားတာပါ။

သေမင်းဆီက ငှားထားတာပါ။

ဒါပေမယ့် သားလူတွေက ကိုယ့်လာကြည့်တော့ အထင်ကြီးတာပေါ့။ တိုက်ကြီးနဲ့နေတာ ဆေးလေးသုတ်လိုက်ပါဦး။

ကြည့်စမ်းပါဦး။ နေပူရှိန်တာ ရှေ့ကို အမိုးလေး အဖီလေး ထုတ်လိုက်ပါဦး။

အဲဒီကျတော့ ခေါင်းက ဆံပင်ကို ဟိုလိုလုပ်လိုက်၊ ဒီလိုလုပ်လိုက်နဲ့ လုပ်ပြန်ပြီ။

သေချာ စဉ်းစားကြည့်ကြပါ။

ဒါတွေဟာ ကိုယ်ပိုင်တာ မဟုတ်ဘူး။

အိမ်ငှားအစစ်ပဲဆိုတာ သိအောင် ပြောပေးတာပါ။

ဟိုး ... တောရွာကနေ ရှိသမျှပစ္စည်းတွေ အကုန်ရောင်းပြီး မြို့တက်လာတာ။ စီးပွားရှာဖို့ မြို့တက်လာကြတာပါ။

အခုတော့ စီးပွားရှာရမယ့်အစား အချိန်ဖြုန်းနေတယ်။ အလဟဿ ပိုက်ဆံတွေ ဖြုန်းပစ်နေကြပါတယ်။

http://www.dhammadownload.com



တကယ်ပြောတော့ လူ့ပြည် လူ့ဌာန လူ့လောကမှာ ရောက်နေတဲ့ မိမိတို့ဟာ ဒီခန္ဓာကိုယ်အိမ်ကြီးကို သေမင်းဆီက ငှားထားတာ။

မငှားခင် ဘာလုပ်ရမလဲ။

ရှေ့ဘုံသာလမ်းက ငှားထားတဲ့အခန်းလောက်ကနေပြီးတော့ ကိုယ့်တိုက် ကိုယ့်ခြံ ကိုယ့်ဝင်းနဲ့ နေဖို့ ကောင်းတာပေါ့။

တစ်လ ငါးသိန်းနဲ့ လုံးချင်းတိုက်ငှားပြီး နေလိုက်ပေါ့။ ဒါတောင် ကောင်းကောင်း မရတော့ဘူး။

တစ်လ ဆယ်သိန်းနဲ့ငှားနေ၊ စီးပွားတွေ ကြိုးစားရှာရင်းနဲ့ ကိုယ့်ခြံ ကိုယ့်ဝင်းနဲ့ ကောင်းကောင်း နေနိုင်ရင် ဘယ်လောက် ကောင်းလိုက်မလဲ။ သေချာစဉ်းစားကြည့်ပေါ့။

အခုကျတော့ တောကနေ မြို့တက်လာ၊ မြို့ရောက်လာပြီး စီးပွားရှာရင်း ပျက်စီးသွားကြတဲ့သူတွေက အများကြီးပါပဲ။

□

http://www.dhammadownload.com

# ငရဲဆီသွားရမလား
# ကျူးကျော်တဲ့တွေဆီ ပြေးရမလား

http://www.dhammadownload.com



http://www.dhammadownload.com

## ငရဲသို့သွားရမလား ကျူးကျော်တဲ့တွေဆီ ပြေးရမလား

အပျော်အပါးတွေ များလွန်းလို့ အဲဒီလိုပဲ မိမိတို့တစ်တွေ သုံးဆယ့်တစ်ဘုံကနေ လာပြီး ကုသိုလ်တွေ အများကြီးရဦးမယ် ဆိုပြီးတော့ လူ့ပြည်ဌာန လူ့လောကမှာ လာရာကြတာ။

အခု မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း ဒကာကြီး ဦးလှထွန်းလည်း အဲဒီလို စီးပွားလာရှာတာပါပဲ။ သူက စီးပွားပျက်ပြီး ပြန်ပြေးရတဲ့လူမျိုး မဟုတ်ပါဘူး။

ဘဝမှာလည်း တစ်ဆင့်ထက် တစ်ဆင့် ကုသိုလ်ကောင်းမှု ကောင်းတဲ့အလုပ်တွေကို စီးပွားဖြစ်အောင် ဆောင်ရွက်သွားတဲ့ ပုဂ္ဂိုလ် တစ်ယောက်ပါပဲ။

တစ်ဆင့်ထက် တစ်ဆင့် လူ့ပြည် လူ့ခန္ဓာက ငှားထားတာ ဆိုဦးတော့ လူ့ခန္ဓာကိုယ်က ငါးသိန်းနဲ့ ငှားတယ်ဆိုရင် နတ်ပြည် နတ်လောကကျ ဆယ်သိန်းနဲ့ ငှားမှာပေါ့။

http://www.dhammadownload.com



နောက်ကျတော့ ဆယ်သိန်းက မြန်မာငွေနဲ့ မရဘူးဟေ့။ ဒေါ်လာနဲ့ ငှားမှ ငှားမယ်တဲ့။ ဒေါ်လာတစ်ထောင်ပေးမှ အိမ်ငှား ရနိုင်မယ်ဆိုတော့၊ ကြည့်စမ်း တစ်လ ဒေါ်လာတစ်ထောင်ပေးသပေါ့။

မြက်ခင်းလည်းပါတယ်။ ရေကူးကန်လည်း ပါတယ်။ မီနီ ဂေါက်ကွင်းလေးလည်းပါတယ်။ ဘယ်လောက် ကောင်းသတုံး။ အဲဒီ လိုမျိုး ကောင်းတဲ့အိမ်မျိုးကို ငှားနိုင်ရင် မကောင်းဘူးလား။

အဲဒီတော့ ကိုယ့်ဘဝ ကိုယ်ပြန်ကြည့်။

ဒီလိုနဲ့ ဒီဘဝ ဒီခန္ဓာ စွန့်သွားရင် ဘဝကောင်း ခန္ဓာကောင်း အိမ်ကောင်းတွေကို ဆက်ငှားနိုင်မလား။

ဒါမှမဟုတ် စီးပွားပျက်ပြီးတော့ ကျူးကျော်တဲတွေဆီ ပြေးရ မလား စဉ်းစားကြည့်ကြပါ။

နေ့စဉ်နေ့တိုင်း ကိုယ်လုပ်တဲ့အလုပ်ကို ပေါ့ပေါ့မလုပ်ပါနဲ့။ လူ့ပြည်လာတယ်ဆိုတာ စီးပွားရှာဖို့။

ဘာစီးပွားလဲဆိုရင် ကုသိုလ်စီးပွားရှာဖို့ လာကြတာပါ။

ဒကာကြီး ဦးလှထွန်းအတွက်တော့ ဘာမှ စိတ်ပူစရာ မလို ပါဘူး။ ဘာမှ စိတ်သောက ရောက်စရာ မလိုပါဘူး။ ဒကာကြီးက ဒါတွေ သိလွန်းလို့လည်း သူ့ဟာသူ၊ သူ့စီးပွား သူ ရှာသွားတာပါ။

စဉ်းစားကြည့်စမ်းပါ။

http://www.dhammadownload.com



နောင်ဘဝ ဒီအိမ်မျိုး ဒီလူ့ခန္ဓာမျိုး ပြန်ငှားနိုင်မလား။ ဒါမှ မဟုတ် ဒီထက်နိမ့်ကျတဲ့ဘဝကို သွားမှာလား။

ထင်ပါတယ်။

ကျူးကျော်တဲတွေဆီပဲ သွားမယ့်ဟာတွေ များမှာပါ။

ကိုယ့်ဟာကိုယ် စဉ်းစားကြပါ။

ကဲ ... ရှင်းရှင်းပဲပြောမယ်။

ကုသိုလ်တွေစုပြီးတော့ နတ်ပြည် သွားချင် သွားလို့ရတယ်။ ဒီဘဝက လွန်မြောက်ရင် ဘယ်ဘဝ ရောက်မလဲလို့ ပြော။

ကုသိုလ်အားကောင်းတဲ့သူဟာ ကိုယ့်စိတ်ထဲရှိတဲ့ အတိုင်း ဖြစ်တယ်။ လူ့ပြည် ပြန်လာချင်လည်း ရတယ်။ နတ်ပြည် ပြန်သွား ချင်လည်း ရတယ်။

နတ်ပြည်၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ နတ်ပြည်ခြောက် ထပ်၊ ဗြဟ္မာနှစ်ဆယ်။ ကုသိုလ်တွေ အပြည့်ရှိရင် ကိုယ်ကြိုက်တဲ့ အတိုင်း ကိုယ်သွားချင်ရာ သွားလို့ရတယ်။ ကိုယ့်ဆန္ဒရှိတဲ့ဆီ သွားလို့ ရပါတယ်။

အဲဒီလို ကိုယ့်စိတ်ထဲ ရှိတဲ့အတိုင်း နောက်ဘဝကို ဖန်ဆင်း လို့ရတယ်။ ကြိုက်တဲ့အတိုင်း သွားလို့ရတယ်။ ကြိုက်တဲ့ခရီး သွားလို့ ရတယ်။

http://www.dhammadownload.com



ဘာဖြစ်လို့လဲဆိုရင် ကုသိုလ်လုပ်ထားလို့ပါ။

ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်တွေ ရှိနေပါတယ်။

အဲဒါကပဲ ငွေ၊ စီးပွား၊ အထုပ်နဲ့ အထည်နဲ့ ရှိပြီ။ ကြိုက်တဲ့ အိမ် ငှားလို့ရပြီ။

ဆယ်သိန်းတန် လုပ်မနေနဲ့။ ဒေါ်လာတစ်ထောင်တန် ငှားလိုက်စမ်းပါ။ ကိုယ့်ခြံနဲ့ ကိုယ့်ဝင်းနဲ့ ကားလည်း ငှားစီးလိုက်စမ်းပါ။ ကြိုက်တာလုပ်လို့ ရပါတယ်။

ကိုယ့်မှာရော ကုသိုလ်အထုပ် ရှိပြီလား။

ပြန်လည် ဆန်းစစ်ပါ။

အဲဒီ ကုသိုလ်စီးပွားဟာ သေပြီးမှ ရှာလို့မရပါဘူး။ မသေခင် ရှာရမှာပါ။

နိုင်ငံခြားတွေ ဘာတွေသွားရင် ပိုက်ဆံမပါဘဲ သွားမှာလား။ ဒေါ်လာနဲ့ သွားကြမှာပါ။

အခု နောင်ဘဝကို သွားတဲ့ ဒကာကြီး ဦးလှထွန်းက နောင်ဘဝသွားတော့ ပိုက်ဆံယူသွားလား။ မြန်မာငွေလား၊ ဒေါ်လာလား။ ဒေါ်လာယူသွားတယ် ဆိုရင်တောင် ဒေါ်လာက တစ်ကမ္ဘာလုံး သုံးလို့သာရမယ်၊ နတ်ပြည်မှာ မရဘူး။ နတ်ပြည်မှာ ဒေါ်လာလည်း မရဘူး။ ယူရိုလည်း မရဘူး။

http://www.dhammadownload.com



နတ်ပြည်မှာ ကုသိုလ်ပဲ သုံးလို့ရတယ်။

ယူရို ဆိုတာ၊ ဒေါ်လာ ဆိုတာ ကမ္ဘာမှာပဲ သုံးလို့ရတယ်။ နတ်ပြည်ဌာန နတ်လောကမှာ သုံးလို့ မရပါဘူး။

တကယ်တမ်းက လူ့ပြည်မှာ သုံးတဲ့ ကျပ်၊ ဒေါ်လာ၊ ယူရို ဆိုတဲ့ ငွေတွေဟာ နောင်ဘဝတွေကို ယူသွားလို့ မရပါဘူး။

ဒါကို သိရင် အခုဘဝရော နောင်ဘဝအတွက်ပါ လူတွေဟာ ငွေကို သိပ်မက်မနေကြပါနဲ့။

တို့ လွန်ခဲ့တဲ့ တစ်ပတ်က ဩစတြေးလျသွားပြီး တရား ဟောတယ်။ ဒီက ထွက်ကတည်းက ဘာဒေါ်လာမှ မပါဘူး။

ဒီဘက်က ဒကာတွေက လေယာဉ်ပေါ်တင်ပေးလိုက်တယ်။ ဟိုဘက် ရောက်သွားတယ်။ ဟိုဘက်က ဒကာတွေက လာကြို ပါတယ်။

အဲဒီကနေ ဩစတြေးလျ လျှောက်လှည့် တရားဟောပါတယ်။

အဲဒီကနေ အမေရိကရောက်ပါတယ်။ ဟိုမှာလည်း သူ့ဟာနဲ့ သူ အဆင်ကိုပြေလို့။ ဒေါ်လာ ယူသွားစရာ မလိုပါဘူး။

ဒါဖြင့် ကမ္ဘာကို လှည့်ပတ်နေတာ ဘာငွေတွေ ယူသွားသလဲ လို့ဆိုရင် ကုသိုလ်ငွေတွေ ယူသွားတာပေါ့။ သွားလေရာမှာ ကုသိုလ် ပါသွားတယ်။

http://www.dhammadownload.com



ဒကာကြီး ဦးလှထွန်းဟာ သူ့မှာရှိတဲ့ ဒေါ်လာတွေကို နတ်ပြည်ယူသွားလို့မရတော့ အများအတွက် ကင်ဆာဖောင်ဒေးရှင်းတွေ တည်ခဲ့တယ်။

ဟိုလည်းလှူတယ်၊ ဒီလည်းလှူပါတယ်။ တို့ ဓမ္မဒူတ မှာလည်း လှူခဲ့တာပဲ။

အခု နောင်ဘဝကို ထွက်မသွားခင်ကတည်းက ရှိထားတဲ့ ပစ္စည်းတွေကို ကုသိုလ်နဲ့ လဲသွားတယ်။

သေချာစဉ်းစား၊ ဒီကုသိုလ်က ဒီကမ္ဘာမှာလည်း သုံးလို့ရတယ်။ နောက်ဘုံတွေ ရောက်ရာ အရပ်မှာလည်း သုံးလို့ရတယ်။

ကုသိုလ်ယူကြပါ။

ကျပ်၊ ဒေါ်လာ၊ ယူရို ဆိုတဲ့ ငွေတွေကို မယူကြပါနဲ့။

□

http://www.dhammadownload.com

# အရှုံးထဲက အမြတ်ဆင့်

http://www.dhammadownload.com



http://www.dhammadownload.com

# အရှုံးထဲက အမြတ်ဆင့်

ဒီခန္ဓာကြီးက သေမင်းဆီက ငှားထားတာပါ။

သူများဆီက ငှားထားလို့ ဒီမှာရှိတုန်း ဒီဘဝမှာရှိတုန်း ရထားတဲ့ ဝတ္ထုပစ္စည်းတွေကို ကုသိုလ်နဲ့ လဲရပါမယ်။

ဘယ်လို လဲမှာလဲဆိုတော့ မိဘဖြစ်တဲ့ ပုဂ္ဂိုလ်တွေ စဉ်းစားကြည့်ပါ။

သားသမီးတွေ နိုင်ငံခြားမှာ ပညာတော်သင် သွားကြတယ်လေ။ အဲဒီအခါ ဒေါ်လာတွေ ဘာတွေ ထည့်ပေးလိုက်တယ် မဟုတ်လား။ ဟိုက လိုလို့မှာရင် ဒီက ငွေလွှဲနဲ့ ပို့ရတယ် မဟုတ်လား။ မန်နီအော်ဒါတွေ ဘာတွေနဲ့ ငွေလွှဲခေါ်ပြီး ပေးရတာ။ သားသမီးတွေက မလိုလည်းဘဲ ဒီက လှမ်းပို့နေကြတာပါ။

ကုသိုလ်ပြုပြီးရင် ဒီက အမျှဝေတယ် ဆိုတာကလည်း ဘဝကူးပြောင်းသွားသူ ရောက်ရာနတ်ပြည်ဌာန နတ်လောကကို

http://www.dhammadownload.com



လိုအပ်ရာရာတွေ သုံးလို့ရအောင် ကုသိုလ်တွေကို ငွေလွှဲနဲ့ ပို့ပေးတာပါ။ အမျှဝေတယ်ဆိုတာ အဲဒါပဲ။

အခု ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့က တို့ကို ပင့်ပြီး ဘုန်းဘုန်းက တရားဟောတာ၊ လှူဖွယ်ပစ္စည်းတွေကို အလှူခံပေးတာဟာ တမလွန်ဘဝ ရောက်တဲ့သူတွေအတွက် ကုသိုလ်လွှဲ အနေနဲ့ ကုသိုလ်ပို့ချင်လို့ပါ။

ပြောချင်ပါတယ်။ လောကကြီးမှာ အားလုံး သေကြတဲ့ သဘောကို ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူး။ မသေတာ နှစ်မျိုးပဲ ရှိတယ်။ မသေစေချင်ရင် သေသူရဲ့ ဂုဏ်ကျေးဇူးတွေကို အောက်မေ့ပါ။ ဘယ်တော့မှ မသေပါဘူး။ လူ့ခန္ဓာကိုယ် သေသွားပေမယ့် နာမည်လည်း မသေဘူး။ အလုပ်လည်း မသေပါဘူး။ ကျန်တဲ့လူတွေက လည်း သူ့ဂုဏ်ကျေးဇူးကို သတိရနေရင် တမလွန်ပြောင်းသွားတဲ့သူက မသေပါဘူး။

ဒါပေမယ့် ဒကာကြီးဦးလှထွန်းလို ပုဂ္ဂိုလ် ဆုံးသွားတာဟာ အရှုံးကြီး ရှုံးတာပဲ။ အရှုံးကြီးထဲကနေ အရှုံးပေါ် အရှုံး မဆင့်အောင် အရှုံးထဲက အမြတ်ရအောင် ထုတ်ရတာပါ။

ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တွေကို ဆွမ်းခဲဖွယ် ဘောဇဉ် ကပ်လှူရတယ်ဆိုတာ၊ လှူဖွယ်ဝတ္ထုတွေ လှူဒါန်းရတယ်

http://www.dhammadownload.com



ဆိုတာ အရှုံးထဲက အမြတ် ထုတ်ယူတာပါပဲ။

ကုသိုလ်ကို ရှင်အောင်လုပ်တဲ့သူဟာ လူသာသေမယ် နာမည်မသေဘူး။ ကုသိုလ်အလုပ်သာ ကြိုးစားပါ။ မိမိတို့ ဥစ္စာပစ္စည်းတွေကို၊ ကျပ်ငွေကို ဒေါ်လာနဲ့ လဲရသလို ရှိတဲ့ပစ္စည်းဥစ္စာကို ကုသိုလ်နဲ့ လဲရမယ်။

ကုသိုလ်နဲ့လဲတော့ ကုသိုလ်ရပြီဆိုရင် ကိုယ့်ဆွေမျိုးသားချင်း နိုင်ငံခြားရောက်နေရင် လိုလေသေးမရှိ ငွေထောက်ပံ့သလို ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသူတွေရဲ့ ကျန်ရစ်သူတွေက ကိုယ်လဲလိုက်တဲ့ကုသိုလ်တွေကို တမလွန်ဘဝ နတ်ပြည်ဌာန နတ်လောကကောင်းရာရောက်နေတဲ့ သူတွေဆီကို အမျှပေးဝေရမှာပါ။

အမျှဝေတယ်ဆိုတာ အဲဒါပဲနော်။ ဟွန်ဒီလွှဲသလိုပေါ့။

တစ်ခု ရှိတယ်။

အခု ပစ္စည်းတွေကို ကုသိုလ်ဖြစ်အောင် အရင်လုပ်။ ကုသိုလ်ဖြစ်မှ လွှဲပေးရမှာ။ ဒါဖြင့် အရှုံးထဲက အရှုံးထဲမှာ အရှုံးမခံဘဲ အရှုံးထဲက အမြတ်ရအောင် သံဃာတော် အရှင်သူမြတ်တွေကို လှူဒါန်းပြီး သီလဆောက်တည်၊ တရားနာရတယ်ဆိုတာ တို့အတွက် အရှုံးထဲက အမြတ်ပါလားလို့ သဘောပေါက် နားလည်ရပါမယ်။

ဒါမှလည်း အရှုံးထဲက အမြတ်ထုတ်နိုင်ပါမယ်။

http://www.dhammadownload.com




အရုပ်လေးတော့ ပြန်ပြီး ရှင်လာရိုးထုံးစံ မရှိဘူး။ ဒါပေမယ့် မြေးမလေးအတွက် ကုသိုလ်တွေရဖို့ အနာထပိဏ်သူဌေးကြီး စီမံပေးတာကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဝမ်းမြောက်နမော် သာဓုခေါ်သလို မိမိတို့တစ်တွေလည်း အရှုံးထဲက အရှုံးမဖြစ်ဘဲ အရှုံးထဲက အမြတ်ရအောင် ကိုယ့်ကိုယ်ကိုယ်လည်း သေမင်းခန္ဓာကိုယ် ငှားထားတာပါလားလို့ သိပြီးတော့ စွမ်းနိုင်သမျှ ပစ္စည်းဝတ္ထုတွေကို ဒါနကုသိုလ်တွေနဲ့ လဲပါ။ ကိုယ်လက်အင်္ဂါတွေကို သီလနဲ့ လဲလိုက်ကြပါ။ အသက်ရှိစဉ်မှာလည်း အချိန်မှန်သမျှကို ဘဝနဲ့ ဘာဝနာနဲ့ အမြဲလဲလိုက်ပါ။ အငှားတွေနဲ့ ကုသိုလ်နဲ့လဲပြီး အဲဒီ ကုသိုလ်ကို ကိုယ်လည်း စားသုံး၊ တမလွန်ဘဝရောက်တဲ့ ကျေးဇူးရှင်ဆီကို ပို့ပေးဖို့လည်း အရေးကြီးပါတယ်။

အဲဒီအသိတွေကို သိပြီးတော့ ဒီဘဝအတွက်ရော နောင်ရော အရှုံးပေါ် အရှုံးမဆင့်ဘဲနဲ့ အရှုံးနဲ့ကြုံခဲ့ရင်သော်မှ အရှုံးထဲက အမြတ်ရအောင် ကြိုးစားနိုင်သဖြင့် ကုသိုလ်တွေ အားကောင်း၊ ကောင်းကျိုးချမ်းသာတွေ စံစား ခံစားပြီး နိဗ္ဗာန်ရွှေပြည်မြတ်ကို ရရောက်နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

❐

http://www.dhammadownload.com



## ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

၁၉၅၈ – ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်၊ အင်္ဂါနေ့၊ (၁၃၁၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်) ၌ ခမည်းတော် ဦးအောင်သန်း+မယ်တော် ဒေါ်စိန်ကြည်တို့က စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ အလောင်းအလျာကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။

၁၉၇၅ – ခုနှစ်၌ စစ်ကိုင်းမြို့၊ အမှတ် (၁) အထက်တန်းကျောင်းမှ (၁၀) တန်းကို အောင်မြင်ခဲ့သည်။

၁၉၇၉ – ခုနှစ်၌ မန္တလေးမြို့၊ စက်မှုလက်မှုသိပ္ပံ၏ A.G.T.I (Civil)မြို့ပြ အင်ဂျင်နီယာ ဒီပလိုမာဘွဲ့ကို ရရှိ အောင်မြင်ခဲ့ပါသည်။

http://www.dhammadownload.com



၁၉၈၃ – ခုနှစ် (၁၃၄၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် ညနေ ၅ နာရီ ၁၅ မိနစ်အချိန်)၌ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် တောင်စွန်း ဓမ္မဒူတတောရ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်ရဟန်းအဖြစ် ခံယူခဲ့ပါသည်။

– အရှင်မြတ်သည် တောင်စွန်း ဓမ္မဒူတ တောရ ကျောင်းတိုက်ကြီး၌ပင် ပရိယတ္တိစာပေတို့ကို မူလ တန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမ ကြီးတန်းတို့ကို နှစ်ချင်းပေါက် အောင်မြင်တော်မူ ခဲ့သည်။

၁၉၈၅ – ခုနှစ်၌ အခြေပြုမူလတန်း အောင်မြင်တော်မူခဲ့သည်။

၁၉၈၆ – ခုနှစ်၌ ပထမငယ်တန်း အောင်မြင်တော်မူခဲ့သည်။

၁၉၈၇ – ခုနှစ်၌ပထမလတ်တန်း အောင်မြင်တော်မူခဲ့သည်။

၁၉၈၈ – ခုနှစ်၌ ပထမကြီးတန်း အောင်မြင်တော်မူခဲ့သည်။

၁၉၉၃ – ခုနှစ်၌ စာချတန်းတွင် ကျမ်းရင်းသုံးကျမ်းစလုံးကို တစ်နှစ်တည်းဖြင့်ပင် အောင်မြင်တော်မူခဲ့၍ အစိုးရ သာသနဓဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်ကို ရရှိတော်မူ ခဲ့ပါသည်။ သဒ္ဓမ္မနေပုည ဓမ္မာစရိယဘွဲ့နှင့်

http://www.dhammadownload.com



သာသနဓောတိပါလဓမ္မာစရိယဘွဲ့တို့ကိုလည်း ရရှိတော်မူခဲ့ပြန်ပါသည်။

– ပရိယတ္တိစာပေများကို တောင်စွန်း ဓမ္မဒူတတောရ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၊ မန္တလေးမြို့ မစိုးရိမ်တိုက်၊ စစ်ကိုင်းမြို့ ဇေယျသိန် ပါဠိတက္ကသိုလ်၊ စစ်ကိုင်းမြို့ မဟာသုဘောဓာရုံ စာသင်တိုက် စသော ကျောင်းတိုက်တို့ရှိ ဆရာမြတ်တို့၏ အထံတော်မှာ နည်းနာခံယူ သင်ယူခဲ့ပါသည်။

၁၉၉၈ – ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်တွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

၂၀၀၀ – ခုနှစ်၌ လက်ထောက်ကထိက။

၂၀၀၂ – ခုနှစ်၌ ဓမ္မကထိက ဗဟုဓေဟိတရေဘွဲ့။

၂၀၀၃ – ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ် ကထိကတာဝန် ထမ်းဆောင်တော်မူခဲ့သည်။

၂၀၀၄ – ခုနှစ်၌ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ကို ရရှိတော်မူခဲ့ပြန်ပါသည်။

၂၀၀၅ – ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်

http://www.dhammadownload.com



မှ M.A (BDh) ဘွဲ့ကို ရရှိခဲ့ပြီး ဤတက္ကသိုလ်၌ပင် တွဲဖက်ပါမောက္ခအဖြစ် ပူးတွဲ တာဝန်ထမ်းဆောင်တော်မူခဲ့ပါသည်။

၂၀၀၇ – ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်မှ Ph.D (BDh) ရရှိတော်မူသည်။

– ဤတက္ကသိုလ်၌ပင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်တော်မူခဲ့ပါသည်။

– အရှင်မြတ်သည် ဓမ္မဒူတနာယကအဖွဲ့ဝင်၊ မော်ဘီမြို့နယ် သံဃနာယကအဖွဲ့ဝင်၊ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိ မဟာဌာန မဟာဌာနမှူး (ဝိပဿနာ) ပါမောက္ခ ဆရာတော်စသော တာဝန်တို့နှင့် ကျမ်းစာရေးသားခြင်း၊ စာပေပို့ချခြင်း၊ တရားဟောပြောခြင်း၊ တရားပြသခြင်း၊ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်တော်မူလျက်ရှိသည်။

http://www.dhammadownload.com



– အထူးအားဖြင့် ပြည်တွင်း၊ ပြည်ပတို့၌ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ရင်သွေးငယ် လူငယ်လူရွယ်တို့ ကို တရားဟောခြင်း၊ တရားပြခြင်း၊ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ခြင်း၊ လူငယ်တို့၏ ပညာရေး, စီးပွား ရေး, လူမှုရေး စသော အသိပညာတို့ကို ဗုဒ္ဓတရား တော်နှင့်အညီ ဆွေးနွေး ဖြေဆိုခြင်းများ ဆောင် ရွက်ပေးပါသည်။

❑

http://www.dhammadownload.com

ဓမ္မဒူတ

# ဒေါက်တာအရှင်ဆေကိန္ဒ

## ဘွဲ့ရနောက်လိုက်နေကြတယ်




သဒ္ဓါရှိတဲ့စိတ်က လှူတယ်၊
တဏှာရှိတဲ့စိတ်က ယူတယ်၊

မိမိစိတ်ကလေးက မကောင်းရင်
လုပ်သမျှလည်း မကောင်းဘူး။
ပြောသမျှလည်း မကောင်းဘူး၊
ကြံစည်သမျှလည်း မကောင်းပါဘူး။

ထွက်ပြီ

http://www.dhammadownload.com

ဓမ္မဒူတ

# ဒေါက်တာအရှင်ဆေကိန္ဒ

# လိုရာခရီးရောက်ဖို့




လူမျိုးမရွေး ဘာသာမရွေး လိုရာခရီးရောက်ချင်ရင်
ချက်ချင်းရောက်အောင် သွားရင်သွား
ချက်ချင်းမရောက်ရင် ဖြည်းဖြည်းချင်းသွားပါ။
အဲဒီလို သွားနေတာပင်လျှင် ရောက်အောင် လုပ်နေတာ။

ကိုယ်အလိုရှိအပ် တောင့်တအပ်တဲ့ ဟိုမှာဘက်ကမ်းကို
ရောက်အောင် သွားနေတာပါ။ အဲဒါကို ပါရမီလို့ ခေါ်ပါတယ်။

ထွက်ပြီ

http://www.dhammadownload.com

အလင်းသစ်စာပေမှ

## ထုတ်ဝေပြီးသောစာအုပ်များ

| | |
|---|---|
| ၁၉။ ဘဝခရီးရှေ့စည်းမျဉ်းများ (ဒု-ကြိမ်) | မင်းနန်(မော်ကျွန်း) |
| ၂၀။ ပိုကုန်သွင်းကုန်အကောက်ခွန် သက်သာခွင့်လမ်းညွှန် | အောင်စိုး(MPM) |
| ၂၁။ သုံးပွင့်ဆိုင်အချစ်စစ်ပွဲ (ချားလ်စ်၊ ဒိုင်ယာနာနှင့်ကမီလာ) | ရွှေကူမေနှင်း |
| ၂၂။ တရွှေတွေထစ်ချွန်းနေတဲ့မိုးတိမ် နှင့်ဝတ္ထုတိုစုစည်းမှု | မိချမ်းဝေ |
| ၂၃။ ဖောက်သည်များနှင့်ကခုန်ခြင်း | အောင်မောင်း |
| ၂၄။ မောင်ငယ်ငယ်ကခရေဦးနှင့် ရသစာတမ်းများ | မောင်ရင့်မာ(ကျောင်းကုန်း) |
| ၂၅။ သုတရိပ်မြုံစာရဂုံ | မောင်မောင်ညွှန့်(မန်းတက္ကသိုလ်) |
| ၂၆။ အမှောင်မှသည်အလင်းဆီသို့ | မင်းနန်(မော်ကျွန်း) |
| ၂၇။ မဟာဂီတခြေရာကောက် | မောင်သန်းဆွေ(ထားဝယ်) |
| ၂၈။ အလင်းသစ်အရာရှိငယ်ဝင်ခွင့်လမ်းညွှန် | အလင်းသစ်စာတည်းအဖွဲ့ |
| ၂၉။ ယုံကြည်မှုတည်ဆောက်ခြင်း | ရွှေကူမေနှင်း |
| ၃၀။ ဆီးချိုရောဂါကျန်းမာရေးစကားဝိုင်းနှင့် ရောဂါကုထုံး | မြေလတ်မောင်မြင့်သူ |
| ၃၁။ ရှုလာနဖာကယက်နှင့် နောက်ဆက်တွဲဆေးနည်းများ | ဦးစည်သူ(သုခချမ်းသာ) |
| ၃၂။ သင်္ဂါယနာသုံးတန် | ဝဏ္ဏသိရိ |
| ၃၃။ ဓမ္မလမ်းညွှန်စာစုမွန် | မင်းနန်(မော်ကျွန်း) |

http://www.dhammadownload.com

| | | |
|---|---|---|
| ၃၄။ | ငွေရေးကြေးရေး | ပါမောက္ခ မြတ်သိန်း |
| ၃၅။ | လိုက်ဖ်စတိုင်အပြောင်းအလဲဆောင်းပါးများ | မောင်ကိုကို(အမရပူရ) |
| ၃၆။ | မီဒီယာလောက | ရွှေကူမေနှင်း |
| ၃၇။ | စက္ကန့်မလပ်သတိကပ် | ကျော်နန္ဒအောင် |
| ၃၈။ | အလင်းသစ်ရွှေသီရာဝတ္ထုတိုများ ၂၀၀၈ | ကလောင်စုံ |
| ၃၉။ | တောကျောင်းဆရာနှင့် ဆရာဘဝ ဝတ္ထုတိုများ | လင်းထင် |
| ၄၀။ | မပြောကောင်း မဆိုကောင်း (ကယ်လီဖိုးနီးယားမိုနီလော့ဂ်များ) | ဂျက်ကွမ်းခြံကုန်း |
| ၄၁။ | အရည်းကြီးဝါဒနှင့် ရှင်အရဟံသာသနာ | ဝင့်ထယ် |
| ၄၂။ | သမီးယောဂီသို့ ... | ကျော်နန္ဒအောင် |
| ၄၃။ | အရင်းရှင်စနစ်၏အနာဂတ်နှင့် ကမ္ဘာ့ရှေ့ရေး | မောင်ဝံသ |
| ၄၄။ | အင်္ဂလိပ်လို ပြောရအောင် | ရွှေကူမေနှင်း |
| ၄၅။ | ထီးအငွေ့ နန်းအငွေ့ | မောင်သန်းဆွေ(ထားဝယ်) |
| ၄၆။ | ပဋ္ဌာန်းကျင့်စဉ် | အရှင်ကုမာရ(ပန်းတနော်) |
| ၄၇။ | ဘဝခြားနေသော ဆွေမျိုးများ | ဝဏ္ဏသိရိ |
| ၄၈။ | အထက်တန်းစားဗုဒ္ဓဘာသာဝင် | မင်းနန်(မော်ကျွန်း) |
| ၄၉။ | စိတ္တဇပန်းချီ | ခင်ဝမ်း |
| ၅၀။ | ငါတို့ခေတ်ကတက္ကသိုလ် | ရွှေကူမေနှင်း |
| ၅၁။ | သားကိုရင်သို့ | ကျော်နန္ဒအောင် |
| ၅၂။ | လူ့ကျင့်ဝတ် | ရွှေဟင်္သာတောရဆရာတော် |
| ၅၃။ | ဟုတ်တိုင်းမှန်ရာ ဆုံးဖြတ်လွှာ | ရွှေဟင်္သာတောရဆရာတော် |
| ၅၄။ | ဆွဲရာနောက်လိုက်နေကြတယ် | ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၅၅။ | Physical Examination | ဒေါက်တာနေသီဟာ |
| ၅၆။ | Stylistic Transforms | ဒေါ်ခင်စိုးအေး M.A(English) |
| ၅၇။ | လိုရာခရီးရောက်ဖို့ | ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ |
| ၅၈။ | အလင်းသစ်ရွှေသီရာဝတ္ထုတိုများ ၂၀၀၉ | ကလောင်စုံ |
| ၅၉။ | တရားဦးဒေသနာ | ဓမ္မာစရိယ ဦးမောင်မောင်လေး |
| ၆၀။ | အထက်တန်းစား ဗုဒ္ဓဘာသာဝင် (ဒုတိယတွဲ) | မင်းနန်(မော်ကျွန်း) |
| ၆၁။ | ဗုဒ္ဓကျမ်းလာ နတ်ဒေဝါများ | ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ) |
| ၆၂။ | မြတ်ဗုဒ္ဓနှင့်ထူးထူးခြားခြားတွေ့ဆုံခဲ့ရသည့် ပုဂ္ဂိုလ်ထူးများ | ဓမ္မာစရိယ ဦးမောင်မောင်လေး |
| ၆၃။ | ဗုဒ္ဓဝါဒဆိုင်ရာ သိကောင်းစရာ အမေးအဖြေများ | အရှင်ကုမာရ(ပန်းတနော်) |
| ၆၄။ | ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ | ဒေါ်ခင်စိုးအေး M.A(English) |

## ယခု

| | | |
|---|---|---|
| ၆၅။ | အရှုံးထဲကအမြတ် | ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ |

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

| | | |
|---|---|---|
| ၆၆။ | အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲခေါ်သံ | ဝင့်ထယ် |
| ၆၇။ | ဆရာတော်ကြီးများ၏ ဩဝါဒတော်များ ပေါင်းချုပ် | မင်းနန်(မော်ကျွန်း) |
| ၆၈။ | ဆရာတော်ဦးဗုဒ် | သခင်အောင်ဖေ |
| ၆၉။ | ပဌမမြောက်ဆောင်းရက်များ | ငြိမ်းကျော် |